မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

February 19 , 2026 Volume 99 , Number 10

၁၉. ၂.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၈.၄၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၇.၄၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၇.၃၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၅.၆၅ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၆.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၄၃ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ကြက်သွန်နီ အရောင်းသွက်နေ




ကြက်သွန်နီဈေးနှုန်းကျဆင်းသွားသော်လည်း အစိုးရရုံးပိတ်ရက်အတွင်း ကြက်သွန်နီ အရောင်းသွက်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ပွဲရုံများထံက သိရသည်။

အစိုးရရုံးပိတ်ရက်များကြောင့် ဘုရင့်နောင်ကုန်စည်ဒိုင် ပိတ်ထားသော်လည်း ကြက်သွန်ကားအဝင်များပြားနေကာ ဖေဖော်ဝါရီလအစပိုင်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၅၀၀ ကျပ်မှ ၆၀၀ ကျပ်ခန့် ဈေးကျဆင်းနေသော်လည်း အရောင်းအဝယ်မှာ သွက်လက်နေခြင်းဖြစ်သည်။

လက်ရှိ ဘုရင့်နောင်ပွဲရုံများတွင်မြင်းခြံနှင့်ဆိပ်ဖြူကြက်သွန် တစ်ပိဿာလျှင် အရွယ်အစားနှင့် အရည်အသွေးပေါ်မူတည်၍ ၁၅၀၀ ကျပ်မှ ၁၈၀၀ ကျပ်၊ မြစ်သားကြက်သွန် တစ်ပိဿာလျှင် ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်အထိ ပေါက်ဈေးရှိနေသည်။

တောင်သူများအနေဖြင့် နွေကြက်သွန်များကို အရည်အသွေးမီအောင် စိုက်ပျိုးပြီးလိုအပ်သလောက်သာ ထုတ်ရောင်းမည်ဆိုပါက ကြက်သွန်ဈေး ထပ်မံကျဆင်းရန် လွယ်ကူမည်မဟုတ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

"ဘုရင့်နောင်ပိတ်ရက်တွေမှာ ကားအဝင်များတယ်။ ဒါပေမဲ့ အရောင်းအဝယ်သွက်ပါတယ်။ ဒီထက်ပိုသွက်ဖို့တော့ မရှိသေးဘူး။ တောင်သူတွေအနေနဲ့ ချက်ချင်းကြီး အကုန်ရောင်းမပစ်ဘဲ လိုအပ်သလောက်ပဲ ထုတ်ရောင်းရင်တော့ ဈေးကွက်သဘောအရ ဈေးကျဖို့ နည်းသွားမယ်"ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကြက်သွန်နီဝယ်ရောင်းတစ်ဦးက ပြောသည်။

သို့သော် ကြက်သွန်စိုက်တောင်သူများမှာမူ ကုန်သည်ပွဲစားများကဲ့သို့ သိုလှောင်ထားရန် ငွေကြေးအခက်အခဲရှိနေကြသည်။ ထိန်းရောင်းရင် ဈေးတက်နိုင်တယ်လို့ ပြောနေကြပေမဲ့ စိုက်စရိတ်တွေ ငွေပေါ်ဖို့အတွက် အမြန်ရောင်းနေကြရတယ်။ တောင်သူတွေက လှောင်ဖို့ အဆင်မပြေကြဘူး။ နောက်ပြီး အညာဘက်မှာက အခြေအနေက မကောင်းတော့ မလှောင်ရဲကြဘူး။ အချိန်နဲ့ အခါကြည့်ပြီး ရောင်းနေရတယ်" ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ဆိုသည်။

တောင်သူများလက်ဝယ်တွင် အမှန်တကယ် ဈေးမရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ခက်ခဲသည့် ဒေသအချို့တွင် ကြက်သွန်လက်လီဈေး မြင့်တက်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီကို ပခုက္ကူ၊ မုံရွာ၊ မြင်းခြံ၊ တောင်သာ၊ ရေစကြိုနှင့် ဆိတ်ဖြူဒေသများတွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံတို့ကို အဓိက တင်ပို့ရောင်းချလျက်ရှိသည်။

**Source :** https://htwettoe.com/

## မြက်ထုတ်ကုန်လုပ်ငန်းမှ အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်မည်



မြန်မာနိုင်ငံမှာ အလေ့ကျပေါက်ရောက်နေတဲ့ မြက်ပင်တွေကနေ ဖျာ၊ လက်ကိုင်အိတ်နဲ့ဖိနပ်အပါအဝင် အခြားတန်ဖိုးမြင့် လူသုံးကုန်ပစ္စည်းတွေကို စတင်ထုတ်လုပ်နေပြီး ဒီထုတ်ကုန်လုပ်ငန်းတွေကနေ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မှာဖြစ်တယ်လို့ Green Banana Myanmar ရဲ့ Founder ဦးမြင့်သိန်းက ပြောပါတယ်။

အလေ့ကျပေါက်နေတဲ့ မြက်ပင်တွေကနေ တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်လို့ရနိုင်တာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာစေနိုင်ဖို့ ရည်ရွယ်ပြီး လှည်းကူးမြို့နယ်မှာ သင်တန်းတွေ ဖွင့်လှစ်ပေးနေတယ်လို့ ဆိုပါတယ်။

ရှေ့ပိုင်းမှာလည်း ငှက်ပျောပင်ကနေ ချည်ထည်နဲ့ တန်ဖိုးမြင့်လူသုံးကုန်ပစ္စည်းတွေကို ကိုယ်တိုင်ထုတ်လုပ်တာ၊ လက်ဆင့်ကမ်းသင်တန်းတွေပေးတာနဲ့ ပြည်ပနိုင်ငံအချို့မှာ ကျင်းပတဲ့ ကုန်စည်ပြပွဲတွေမှာ ဝင်ရောက်ပြသတာတွေပြုလုပ်ခဲ့ပြီး အခုနောက်ပိုင်းမှာတော့ ငှက်ပျောပင်က ထုတ်လုပ်တဲ့ ထုတ်ကုန်တွေသာမက မြက်ပင်ကပါ တန်ဖိုးမြင့် ထုတ်ကုန်တွေကို ထုတ်လုပ်လာတာ ဖြစ်ပါတယ်။

အရင်ကဆိုရင် အလေ့ကျပေါက်တဲ့ မြက်ပင်တွေကို ပေါင်းရှင်းတာနဲ့ နွားစာကျွေးတာတွေသာ ပြုလုပ်လေ့ရှိပြီး လက်ရှိမှာတော့ မြက်ပင်ကနေ တန်ဖိုးမြင့်ထုတ်ကုန်တွေအထိ ထုတ်လုပ်လာနိုင်ပြီ ဖြစ်တယ်လို့ သိရပါတယ်။

မြက်ပင်တွေကို မီးရှို့တာ ပြုလုပ်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပိုင်းမှာ ထိခိုက်နိုင်တဲ့အတွက် မီးမရှို့ဘဲ သဘာဝမြေဩဇာအနေနဲ့ ပြန်လည်ထုတ်လုပ်သုံးစွဲတာနဲ့ အခုလို တန်ဖိုးမြင့်လူသုံးကုန်တွေကို ထုတ်လုပ်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းသလို ဖြစ်မယ်လို့လည်း ၎င်းက ပြောကြားခဲ့ပါတယ်။

**Source :** https://onenewstvchannel.com/

## မြန်အောင်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

မြန်အောင်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို စနစ်တကျထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊

ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်မှစ၍ ငါးကွမ်းရှပ်ခြောက်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် ငါးကွမ်းရှပ်ခြောက် ပိဿာ၂၀၀၀ မှ ၃၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဖေဖော်ဝါရီလ ဒုတိယပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းလာတာပါ။ အခုငါးကွမ်းရှပ်ခြောက်ဈေးကလည်းအနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက်ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်တွေကို ဒေသအစုံက ဝယ်လိုအားကောင်းနေတာပါ" ဟု ၎င်းကပြောသည်။

မြန်အောင်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်ပြီးဒေသထွက်ငါးကွမ်းရှပ်ခြောက်များအပါအဝင်ငါးခြောက်များကိုရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ပြည်ပအဝယ်မရှိသော်လည်း အုန်းသီးစိမ်းဈေးမကျ




ပြည်ပအဝယ်မရှိသော်လည်း အုန်းသီးစိမ်း ဈေးကျသွားခြင်းမရှိကြောင်း မန္တလေးအခြေစိုက် အုန်းသီးစိမ်း လက်ကားအရောင်းဒိုင်များက သိရပါတယ်။

ကျန်းမာရေးနှင့် ယုံကြည်မှုဆိုင်ရာ နေ့စဉ်သုံးစွဲသည့်ဈေးကွက်တစ်ခု အခိုင်အမာရရှိထားပြီးဖြစ်သောကြောင့် ပြည်ပဝယ်လက်မရှိသော်လည်း ဈေးကျရန်မမြင်ကြောင်း ၎င်းတို့ကဆိုပါတယ်။

“အုန်းသီးစိမ်းဈေးကွက်က အကျဘက်ရောက်ဖို့မဖြစ်နိုင်သေးဘူး၊ ရှေ့မှာလည်း တအားရောင်းရမဲ့ကာလကြီးတစ်ခုလာတော့မှာဆိုတော့ ဈေးမတက်ရင်တောင်ကံကောင်း၊ အုန်းသီးစိမ်းဈေးကွက်က ပြည်ပဝယ်လက်မရှိလည်း ပြည်တွင်းမှာဈေးကွက်က အခိုင်အမာရှိနေပြီ”လို့ မန္တလေးဈေးချိုအနီးရှိ အုန်းသီး ၄က်ပျောသီးလက်ကား အရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ပြည်တွင်းခြံထွက်အုန်းသီးများကို အိမ်နီးချင်းနိုင်ငံတစ်ခုက ဝယ်ယူမှုရပ်ဆိုင်းလိုက်ခြင်းကြောင့် အုန်းသီးစိမ်းဈေး ထိုးကျသွားနိုင်ကြောင်း ဝေဖန်သုံးသပ်မှုများနှင့်ပတ်သက်၍ ၎င်းတို့ကပြန်လည်သုံးသပ်ပြောဆိုခြင်းလည်း ဖြစ်ပါတယ်။

ပြည်တွင်း၌ အုန်းသီးစိမ်းကို၊ ဘုရားပွဲ၊ သာသနာပွဲ၊ နတ်ပွဲ၊ ဘိုးတော်ပွဲ စသဖြင့် အများဆုံးအသုံးပြုကြခြင်းဖြစ်ပြီး၊ ကျန်းမာရေးအတွက် သောက်သုံးသည့်အလေ့အထလည်း တွင်တွင်ကျယ်ကျယ်ရှိနေကြောင်း သိရပါတယ်။

လက်ရှိ မန္တလေးအုန်းသီးငှက်ပျောသီးဈေးကွက်အတွင်း အရည်သောက်အုန်းသီးစိမ်းတစ်လုံးလျှင် လက်လီဈေး ၅၀၀၀ ကျပ်နှင့်အထက်ရှိပြီး၊ ယုံကြည်မှုဆိုင်ရာအသုံးပြုသည့်အုန်းသီးစိမ်းတစ်လုံးလျှင် အရည်အသွေးအလိုက် ၅၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်ကြားရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဖရဲစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ဈေးကွက်ဝယ်လိုအားရှိသော ဖရဲသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ဖရဲစိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ဝယ်၍ ပျိုးထောင် စိုက်ပျိုးရကြောင်း၊ ပျိုးသက်တမ်း ၂၀ ရက်တွင် စိုက်ခင်း ထဲသို့ ပြောင်းရွှေ့စိုက်ပျိုးရကြောင်း၊ မျိုးစေ့ကို စိုက်ပျိုးရေးဆေးဆိုင်များ မှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ဖရဲမျိုးစေ့တစ်ထုပ်လျှင် ၃၀,၀၀၀ – ၃၅,၀၀၀ ကျပ်ဖြင့်ဝယ်ယူရကြောင်း၊တစ်ဧကမျိုးထုပ်(၁၀)ထုပ်စိုက်ပျိုးရကြောင်း ၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ပလတ်စတစ်လိပ်ဖိုးများအပါအဝင် စုစုပေါင်း ၄,၀၀၀,၀၀၀ကျပ်ခန့် ကုန်ကျကြောင်း၊ သွင်းအားစုများ ပိုမိုသုံးစွဲပါက ကုန်ကျစရိတ် ပိုမိုများပြားနိုင်ကြောင်း၊ စိုက်ပျိုးပြီး ရက် ၃၀ အကြာတွင် ပန်းများစတင်ပွင့်ပြီး ပန်းပွင့်ပြီး ၂၅ ရက်၊ ၃၀ ရက်တွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီဖြစ်ကြောင်း၊ စိုက်ပျိုးမှုမျိုးအနေဖြင့် ကျောက်စိမ်း ဖရဲ၊ ဒုံးကျည်ဖရဲနှင့် 855 ဖရဲမျိုးများ စိုက်ပျိုးကြကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် အလုံးပေါင်း ၆၀၀၀ခန့် ထွက်ရှိကြောင်း၊ ခရိုင်အတွင်း လက်ရှိစိုက်ပျိုးမှု အနည်းငယ်သာရှိပြီး ထွက်ရှိ သောရွာမှာ ရှင်ငယ်ပြေးရွာဖြစ်ကြောင်း၊ ယခုလက်ရှိဈေးကွက်အတွင်း ဝင်ရောက်နေသော ဖရဲသီးများမှာ မြို့နယ်အတွင်း ထွက်ရှိသော အသီးများ၊ ဝမ်းတွင်းမြို့နယ်၊ ဆည်ရွာမှ ထွက်ရှိသော ဖရဲများ ဖြစ်ပြီး ကျောက်စိမ်းဖရဲသီး တစ်လုံးလျှင် အလုံးသေး ၂၃၀၀ ကျပ်၊ အလုံးကြီး ၃၅၀၀ ကျပ်၊ 855 ဖရဲတစ်လုံးလျှင် အလုံးကြီး၄၀၀၀ ၊ အလုံးသေး ၃၀၀၀ ကျပ် တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ရှိ သစ်သီးဆိုင်များ၊ သစ်သီးပွဲရုံ များနှင့် ဈေးများသို့ ရောင်းချလျက်ရှိပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးမြို့၊ ရန်ကုန်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ သစ်သီးဆိုင် များမှ စိုက်ခင်းထဲအရောက် လာရောက်ဝယ်ယူသူများလည်းရှိကြောင်း သိရသည်။

**Source : DOCA**(မန္တလေး)

## ၂၀၂၆ ခုနှစ်တွင် မလေးရှားသည် ထိုင်းဝက်သားတင်သွင်းမှုကို ခွင့်ပြုခဲ့ပြီဖြစ်သောကြောင့် ပို့ကုန် ဘတ်ငွေ ၄ ဘီလီယံရရှိနိုင်ရေး မျှော်မှန်းထား

မလေးရှားသည် အအေးခံပြီး အေးခဲထားသော ဝက်သားနှင့် ဖြတ်တောက်ခြင်းများကိုတင်ပို့ရန် ထိုင်းပို့ကုန်လုပ်ငန်းရှင် ၄ ဦးကို ခွင့်ပြုခဲ့ပြီး ပို့ကုန်သည် ၂၀၂၆ ခုနှစ်တွင် ဘတ် ၄ ဘီလီယံအထိ ရောက်ရှိရန်မျှော်လင့်ထားကြောင်း Nation Thailand ဝက်ဘ်ဆိုဒ်တွင် “Malaysia approves Thai pork imports for 2026, targeting 4bn baht in exports” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အအေးခံပြီး အေးခဲထားသော ဝက်သားနှင့် ဝက်သားဖြတ်တောက်မှုများကို မလေးရှားနိုင်ငံသို့ တင်ပို့ရန် ထိုင်းလုပ်ငန်းရှင် ၄ ဦးကို ခွင့်ပြုချက်စာများထုတ်ပြန်ထားကြောင်း၊ မလေးရှားဈေးကွက်သို့ တင်ပို့မှုသည် ၂၀၂၆ ခုနှစ်တွင် ဘတ် ၄ ဘီလီယံ ခန့်တန်ဖိုးရှိမည်ဟု ခန့်မှန်းထားကြောင်း ထိုင်းနိုင်ငံ Swine Raisers Association ၏ဥက္ကဋ္ဌ Sitthiphan Thanakiatpinyo က ပြောကြားခဲ့သည်။

ညှိနှိုင်းမှုရလဒ်မှာ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ Somchuan Ratanamungklanon ဦးဆောင်သည့် ထိုင်းအသင်းနှင့် မလေးရှားနိုင်ငံတို့ဆွေးနွေးခဲ့ပြီး မလေးရှားအာဏာပိုင်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မလေးရှားတာဝန်ရှိသူများသည် ပြီးခဲ့သည့်နှစ်နှောင်းပိုင်းတွင် လုပ်ငန်းဆိုဒ်အတွင်း စစ်ဆေးမှု များပြုလုပ်ရန် ထိုင်းနိုင်ငံသို့သွားရောက်ပြီးနောက် ထိုင်းလုပ်ငန်းရှင်များအား မလေးရှားနိုင်ငံတည်ထောင် စစ်ဆေးရေးလုပ်ငန်း စဉ်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတကာစံနှုန်းများနှင့်အညီ တစ်ကိုယ်ရေသန့်ရှင်းမှုစံနှုန်းများ၊ အစား အစာဘေးကင်းရေးနှင့် အရည်အသွေးထိန်းချုပ်မှုတွင် ထိုင်းနိုင်ငံ၏ မွေးမြူရေးစနစ်၏ ခိုင်မာမှုကို ထင်ဟပ်စေကြောင်း၊ နိုင်ငံ၏ ဝက်သားထွက်ရှိမှုသည် ၂၀၂၅ ခုနှစ် တွင် ၂၃ ဒသမ ၄၉ သန်းမှ ၂၀၂၆ ခုနှစ်တွင် ၂၄ ဒသမ ၂၉ သန်းဖြစ်နိုင်မည်ဟု ခန့်မှန်းထား ကြောင်း Mr. Sitthi-phan မှ ဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** https://www.nationthailand.com/news/policy/40062059

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ထိုင်းနိုင်ငံ၌ စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုကွင်းဆက်ကို အဆင့်မြှင့်တင်ရန် ဒီဂျစ်တယ်နည်းပညာကို မြှင့်တင်သွားရန်ရှိ

ထိုင်းနိုင်ငံအစိုးရသည် စိုက်ပျိုးရေးထောက်ပံ့ရေးကွင်းဆက်များကို အဆင့်မြှင့်တင်ရန် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချ ရန် ကတိပြုထားကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “Digital tech central to national upgrade” ခေါင်းစဉ်ဖြင့် ဖော်ပြ ထားသည်။

ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြု၍ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်ကိုအားကောင်းစေရန်နှင့်ခေတ်မီစိုက်ပျိုးရေး နည်းပညာ များကို ပိုမိုကျယ်ပြန့်စွာအသုံးပြုလာစေရန်အတွက် စိုက်ပျိုးရေးထုတ်ကုန်များကို အဆင့်မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ ပတ်ဝန်းကျင်သည် ပိုမိုမတည်မငြိမ်ဖြစ်လာသည်နှင့်အမျှ ပိုမိုတိကျပြီးနည်းပညာကို အခြေခံသော စိုက်ပျိုးရေးသည် လယ်သမားများ အတွက် ကုန်ကျစရိတ်များကို လျှော့ချပေးသကဲ့သို့ ခိုင်မာသည့်ထုတ်လုပ်မှုသည် ဈေးကွက်များဆီသို့ ဝင်ရောက်နိုင်မှုနှင့်အတူ တွဲဖက်ရမည်ဖြစ်ကြောင်း၊ APRACA သည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အမျိုးသား စိုက်ပျိုးရေးထုတ်ကုန်များကိုမြှင့်တင်ရန် ငွေကြေးယန္တရားများကိုအသုံးပြု၍ စိုက်ပျိုးရေးဘဏ္ဍာရေးကို အားကောင်းစေရန် ရည်ရွယ်သည့် ဒေသတွင်းနိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ယခုနှစ်တွင်စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေး သမဝါယမဘဏ် (BAAC)မှ ဆွေးနွေးပွဲကို လက်ခံကျင်းပခဲ့ပြီး ဖိုရမ်တွင်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကထားဆွေးနွေးခဲ့ကြကြောင်း" တန်ဖိုး ကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှု၊ အမှတ်တံဆိပ်တည်ဆောက်ခြင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုမှတစ်ဆင့် စိုက်ပျိုးရေးကို ပြောင်းလဲခြင်း" ခေါင်းစဉ်ဖြင့် အာရှ-ပစိဖိတ် ကျေးလက်နှင့်စိုက်ပျိုးရေးချေးငွေအသင်း(APRACA) ဒေသဆိုင်ရာမူဝါဒဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် အိမ်စောင့်အစိုးရဘဏ္ဍာရေး ဝန်ကြီး Mr. Ekniti Nitithanprapas က ပြောကြားခဲ့သည်။

စိုက်ပျိုးရေးထုတ်ကုန်များကို ပရီမီယံထုတ်ကုန်များအဖြစ်သို့ အဆင့်မြှင့်တင်ရန် ငွေကြေးယန္တရားများကို အသုံးပြုနိုင် ကြောင်း၊ဖိုရမ်ရလဒ်များကို ထိုင်းသီးနှံများ၏တန်ဖိုးကိုမြှင့်တင်ပေးသည့်နိုင်ငံအဆင့်စိုက်ပျိုးရေးထုတ်ကုန်မူဝါဒများနှင့် စိမ်းလန်း သောဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်မှုများဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးပေးရန်တာဝန်ရှိသော အထူးပြုဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး APRACA ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဘဏ်သည်လယ်သမားများ၊လူမှုအသိုင်းအဝိုင်းများနှင့်စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်စုံသော ငွေကြေးထုတ်ကုန်များနှင့် ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန်အသင့်ရှိနေပြီး ရေရှည်တည်တံ့သောနည်းလမ်းဖြင့် လယ်သမားများ နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များကို အားကောင်းစေရန် အသင့်ရှိနေကြောင်း၊ BAAC သည် အထက်ပိုင်းမှ အောက်ပိုင်းအထိ စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးကိုအာရုံစိုက်ပြီးဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုခြင်းဖြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များအပြင် ပြုပြင်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ်များကို မြှင့်တင်ပေးကြောင်း၊ ဘဏ်သည် ထုတ်လုပ်မှုမြှင့်တင်ရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချရန်၊ထုတ်ကုန်စံနှုန်းများအဆင့်မြှင့်တင်ရန်နှင့်အနာဂတ်စီးပွားရေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်လယ်သမားများ၏ စွမ်းရည်ကို အားကောင်းစေရန်အတွက် ဈေးကွက်ချိတ်ဆက်မှုကိုလည်းတိုးတက်ကောင်းမွန်စေကြောင်း BAAC ဥက္ကဋ္ဌ Chatchai Sirilai က ပြောကြားခဲ့သည်။

BAAC သည် ကမ္ဘာ့ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက်အမှတ်တံဆိပ်တည်ဆောက်မှုကို ပထဝီဝင်ညွှန်းကိန်း၊ အော်ဂဲနစ်စံနှုန်းများ၊ ကောင်းမွန်သော စိုက်ပျိုးရေးယဉ်ကျေးမှုဆိုင်ရာ အလေ့အကျင့်များနှင့်ရေရှည်တည်တံ့သောစိုက်ပျိုးရေးကဲ့သို့သောမူဝါဒကိရိယာများမှတစ်ဆင့်မြှင့်တင်ပေးကြောင်း၊ ဤမူဝါဒများသည် စားသုံးသူယုံကြည်မှုကို တည်ဆောက်ပေးပြီး တန်ဖိုးထပ်တိုးဖန်တီးပေးကာ စိုက်ပျိုးရေးထုတ်ကုန်များကို ပရီမီယံကဏ္ဍသို့ မြှင့်တင်ပေးကြောင်း၊ ထို့ပြင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ အခြေခံအဆောက်အအုံချိတ်ဆက်မှုနှင့် အကောက်ခွန်မဟုတ်သောအတားအဆီးများကိုလျှော့ချရေးတို့မှတစ်ဆင့် စိုက်ပျိုးရေးကဏ္ဍအတွက် နယ်စပ်ဖြတ်ကျော်ပံ့ပိုးရန်ဖြစ်ကြောင်း Mr. Chatchai က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: https://www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (19.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Feb. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,681 (Shares) | 93,127,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,700 | 8,600 | 2,553 | 21,976,100 | 33,109,694 | 284,743 |
| MTSH | 00002 | 4,200 | +200 | +5.00% | 4,000 | 4,200 | 4,000 | 327 | 1,343,400 | 38,929,150 | 163,502 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 3,000 | +50 | +1.69% | 3,000 | 3,050 | 3,000 | 19,568 | 58,891,200 | 29,664,613 | 88,994 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 143 | 429,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,600 | 1,600 | 1,467 | 2,347,200 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +100 | +2.56% | 4,000 | 4,000 | 4,000 | 10 | 40,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,100 | 2,613 | 8,100,950 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 19th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 431.06 | +5.28 | +1.24% | 425.25 | 431.06 | 425.25 | 26,681 | 93,127,850 | 8 | 813,057 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 19th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 26,762 (Shares) | 95,781,850 (MMK) |

### Main Board

As of 1:00 pm, 19th Feb. 2026

Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 26,681 (Shares) | 93,127,850 (MMK) |

| MYANPIX | 431.06 ▲ 5.28 |
|---|---|
| Total Volume (shares) | 26,681 |
| Total Value (MMK) | 93 mil |
| Listed Company | 8 |
| Market Cap. (MMK) | 813,057 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 4,200 | ▲ 200 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 3,000 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 100 |
| MAEX | 00008 | 3,150 | ▲ 0 |